# ဆင္ဓမအကြိမ်မြောက် [ Kengo Kuma & Higashikawa ] KAGU ဒီဇိုင်းပြိုင်ပွဲ

- မိတ်ဆက်အမှာစာ

ဟော့ကိုင်းဒိုးပြည်နယ်ရှိဟီဂါရှီခါဝါမြို့သည် ဒိုင်းဆဲစုဆန်တောင်တန်းကို လှမ်းမျှော်ကြည့်နိုင်သော၊ လှပသောလယ်ကွင်းများ၊ မြေအောက်ရေသန့် အစရှိသည့် သဘာဝကောင်းချီးများဖြင့်ပြီးပြည့်စုံနေသော ဓာတ်ပုံ ယဉ်ကျေးမှု စုစည်းရာ "ဓာတ်ပုံမြို့" ဖြစ်ပါသည်။ ယခုလက်ရှိကာလသည် နယ်ဖက်ဒေသများ၏ တန်ဖိုးနှင့် အသုံးချနိုင်သောကိစ္စရပ်များကို ပြန်လည်သုံးသပ်ရမည့်အချိန်ကို ရောက်လာပြီဖြစ်သည်။ ဤကဲ့သို့သော အချိန်တွင် ဗိသုကာပညာနှင့်နယ်ဖက်ဒေသကို ပြန်လည်ထူထောင်ရန် ကြိုးပမ်းနေသည့် ဗိသုကာပညာရှင် Mr. Kengo Kuma နှင့်ဟီဂါရှီခါဝါမြို့တို့ကအတူပူးပေါင်း၍ "ဗိသုကာနှင့်ပရိဘောဂမှတဆင့် ပိုမိုကောင်းမွန်သော လူနေမှုအဆင့်အတန်းဆီသို့" ဟူသောရည်ရွယ်ချက်ဖြင့် ဤပြိုင်ပွဲကိုကျင်းပပြုလုပ်လျက် ရှိပါသည်။

ဟီဂါရှီခါဝါမြို့သည် သေးငယ်သောမြို့ဖြစ်သော်လည်းပရိဘောဂထုတ်လုပ်နိုင်သောဒေသဖြစ်သည့်အလျောက် ဤမြို့၌သာပြုလုပ်နိုင်သောလုပ်ငန်းစဉ်အရပ်ရပ်များကို ဆောင်ရွက်ခဲ့ပါသည်။ "Kimi no isu" ဟူသော မြို့၌မွေးဖွားသော ကလေးငယ်များအား မိမိကိုယ်ပိုင်နေရာကိုပေးအပ်သည့်အနေဖြင့် တစ်ဦးချင်းစီအတွက် ထိုင်ခုံများကိုပြုလုပ်ပေးခြင်းမှစတင်ခဲ့သည်။ မူလတန်းမှစ၍ ကျောင်းပရိဘောဂများနှင့် ရင်းနှီးစေရန် ပြုစုပျိုးထောင်လျက်ရှိပြီး အလယ်တန်းကျောင်းတွင် ၃နှစ်တာအသုံးပြုခဲ့သည့် သစ်သားထိုင်ခုံကို ကျောင်းပြီးဆုံးသည့်အထိမ်းအမှတ်အဖြစ်ပေးအပ်ခြင်းများအားဆောင်ရွက်လျက်ရှိပါသည်။ ဤကဲ့သို့ တမူထူးခြားသည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ကြိုးစားလာသည့်မြို့အနေဖြင့် ယခုအခါ နောင်လာ မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ရမည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်။

ဗိသုကာမှတဆင့် နယ်ဖက်ဒေသ၏ဆွဲဆောင်မှုနှင့်သယံဇာတအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချမှုများကို အနာဂတ်လူငယ်များအား လက်ဆင့်သင်ကြားမှုကို ပြင်းပြစွာ စိတ်အားထက်သန်နေသည့် ဗိသုကာပညာရှင် Mr. Kengo Kuma နှင့် သဘာဝကောင်းချီးများနှင့်ပြီးပြည့်စုံ၍ ပရိဘောဂထုတ်လုပ်ခြင်းထွန်းကားသော ဟီဂါရှီခါဝါမြို့တို့က အတူပူးပေါင်းပြီး ပိုမိုကောင်းမွန်သောလူနေမှုပုံစံအသစ်ကိုဖော်ထုတ်သွားရန် ကြိုးပမ်းလျက်ရှိပါသည်။

- ကျင်းပရခြင်းရည်ရွယ်ချက်

ဟော့ကိုင်းဒိုးပြည်နယ် အစဟီခါဝါမြို့ရှိပရိဘောဂအများစုကိုထုတ်လုပ်ပေးနေသော ဟီဂါရှီခါဝါမြို့ အနေဖြင့် အနာဂတ်လူငယ်များထံမှ သစ်လွင်သေသပ်မှုရှိသောနေထိုင်မှုအတွက် KAGU(ပရိဘောဂ) ဒီဇိုင်းများကို လိုလားပါသည်။

KAGU(ပရိဘောဂ)သည် လူသားနှင့်ကမ္ဘာပတ်ဝန်းကျင်ကိုချိတ်ဆက်ပေးနေသော ကြားခံအရာဖြစ်ပြီး အသုံးအနှုန်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် နေ့စဉ်နေထိုင်မှုတွင် ပစ္စည်းအမျိုးမျိုးကို အသုံးပြုနေသော်လည်း ထိုပစ္စည်းများက မည်သို့ဖြစ်ပေါ်လာပုံကို နက်နက်နဲနဲမစဉ်းစားဖူးကြပါ။ ထို့ကြောင့် ပစ္စည်းများကို ကြမ်းတမ်းစွာ ကိုင်တွယ်၍ ပျက်လျှင်အလွယ်တကူစွန့်ပစ်သည်။ အချိန်ယူ၍ လေးလေးနက်နက် စဉ်းစားမှုမရှိသောနေထိုင်မှုသည် ကြီးမားသောသက်ရောက်မှုဖြစ်လာသည်ကို သတိထားမိလာကြသည်။

ယခုအခါကျင်းပမည့် KAGU(ပရိဘောဂ) ဒီဇိုင်းပြိုင်ပွဲအခွင့်အလမ်းမှ လူငယ်များ၏အလားအလာရှိသော အိုင်ဒီယာများ ပုံပေါ်လာပြီး အချိန်ကာလကြာရှည်စွာအသုံးပြုနိုင်သောပရိဘောဂများဖြစ်လာရန်၊ ထိုမှတဆင့်သေသပ်သောနေထိုင်မှုကိုလည်း ဖြည်းဖြည်းချင်း အကောင်အထည်ဖော်လာနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

- ပြိုင်ပွဲခေါင်းစဉ်နှင့်အကြောင်းအရာများ

ခေါင်းစဉ် - ဆိတ်ငြိမ်သောပရိဘောဂ

၁။ ဂိုက်လိုင်းပါအချက်အလက်များအပြင် သတ်မှတ်ထားသော ဥပဒေစည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကိုယ်တိုင် ဖန်တီးပြုလုပ်ထားသောဒီဇိုင်းဖြစ်ရပါမည်။

၂။ ပြိုင်ပွဲဝင်၏ကိုယ်ပိုင်ဒီဇိုင်းလက်ရာဖြစ်ရမည်ဖြစ်ပြီး ကျောင်းပြီးဆုံးရန်အတွက်ကျောင်းနှင့်တက္ကသိုလ်များမှလွဲ၍ အခြား

ပြိုင်ပွဲများ၊ပြခန်းများတွင် ထုတ်ဖော်ပြသထားခြင်းမရှိသောလက်ရာဖြစ်ရမည်။

| အကဲဖြတ်ဒိုင်ဥက္ကဋ္ဌမှ အမှာစကား |
|---|
| ဟီဂါရှီခါဝါမြို့မှာအိပ်စက်အနားယူပြီး ပြန်လည်နိုးထလာရတဲ့ မနက်ခင်းရဲ့တိတ်ဆိတ်ငြိမ်သက်မှုက ထူးခြားလှပါတယ်။<br>စိတ်နဲ့ခန္ဓာကိုပြန်လည်ထိန်းညှိပြီး ကျွန်တော်တို့တွေက ကမ္ဘာကြီးနဲ့နောက်တစ်ဖန်ပြန်လည်ဆက်နွယ်မှုကိုခံစားရပါတယ်။<br>ရေစီးသံနဲ့ပိုးကောင်လေးတွေရဲ့အော်မြည်သံစတဲ့ သဘာဝတရားရဲ့အသံတွေကြားထဲ ကျွန်တော်တို့လူသားတွေလည်း<br>သဘာတရားနဲ့ယှဉ်တွဲနေထိုင်ရတဲ့ သက်ရှိတစ်ဦးပဲဖြစ်တယ်ဆိုတာကို သတိထားမိစေပါတယ်။<br>အဲဒီလိုတိတ်ဆိတ်ငြိမ်သက်မှုနဲ့လိုက်ဖက်ညီမယ့်ပရိဘောဂ။ သဘာဝတရားထဲမှာတည်ရှိနေတဲ့ဆိတ်ငြိမ်မှုကို တွေးခေါ်စေနိုင်မယ့်<br>ပရိဘောဂ။ ကျောင်းသားတို့ရဲ့ကောင်းမွန်တဲ့အိုင်ဒီယာနဲ့ လူသားနဲ့ကမ္ဘာမြေကြီးအကြားကတွေ့ဆုံမှုအသစ်ကိုဖြစ်ပေါ်စေမယ့်<br>"ဆိတ်ငြိမ်သောပရိဘောဂ" ကိုတင်ပြပေးပါ။<br><br>「Kengo Kuma＆Higashikawa」KAGU ဒီဇိုင်းပြိုင်ပွဲအကဲဖြတ်ဒိုင်ဥက္ကဋ္ဌ<br><br>Kengo Kuma |

• လိုအပ်သည့်အရည်အချင်း

မည်သည့်နိုင်ငံသားမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး သက်ဆိုင်ရာကျောင်း၊တက္ကသိုလ်တစ်ခုခု၌ တက်ရောက်နေသော ကျောင်းသားဖြစ်ရမည်။ အသက်အရွယ်အားဖြင့် အသက် ၃၀ နှစ်အောက်ဖြစ်ရမည်။
အဖွဲ့လိုက်အဖြစ်လည်းပါဝင်ယှဉ်ပြိုင်နိုင်သည်။ သို့သော် အဖွဲ့ဝင်များအားလုံး အထက်ပါအရည်အချင်းများနှင့်ပြည့်မီရန်လိုအပ်သည်။

• လျှောက်ထားနိုင်သော လက်ရာအရေအတွက်

ပြိုင်ပွဲဝင်တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လက်ရာတစ်ခုသာလျှောက်ထားနိုင်သည်။
※ပြိုင်ပွဲဝင်တစ်ဦးတည်းဖြင့် တစ်ခုထက်ပိုသောလက်ရာများစွာကိုလျှောက်ထားခြင်း၊ အခြားအဖွဲ့များတွင် ပါဝင်၍ အဖွဲ့လိုက် လက်ရာများကိုပါလျှောက်ထားခြင်းများကို လက်ခံမည်မဟုတ်ပါ။

• လျှောက်လွှာကြေး

လျှောက်လွှာတင်ရာ၌အခကြေးငွေပေးအပ်ရန်မလိုအပ်ပါ။

• ပြိုင်ပွဲဝင်ဒီဇိုင်းလက်ရာ

ပြိုင်ပွဲဝင်လက်ရာသည် အောက်ပါအချက်များနှင့်ကိုက်ညီမှုရှိပြီး PDF ဖိုင်ဖြင့်ပေးပို့လျှောက်ထားရမည်။

| | |
|---|---|
| (ကုန်ကြမ်း) | " သစ် " ကိုအဓိကထား၍ သဘာဝကုန်ကြမ်းပစ္စည်းများကိုသာအသုံးပြုရန်။ |
| (စံသတ်မှတ်ချက်) | 1/5 ~ 1/1 အရွယ်အစားရှိမော်ဒယ်ကိုပြုလုပ်ပြီး 1/1 စကေးပြုလုပ်ရာတွင်<br>အလျား၊ အနံ၊ အမြင့် ၃ဖက်စလုံး၏စုစုပေါင်းသည် 5 မီတာအတွင်းဖြစ်ရမည်။ |

• စုံစမ်းမေးမြန်းရန်

စုံစမ်းမေးမြန်းလိုသောအကြောင်းအရာများကိုရေးသားကာ ပြိုင်ပွဲဝင်၏အမည်၊လိပ်စာကို ပြည့်စုံစွာဖြည့်စွက်၍ အောက်ဖော်ပြပါ

အီးမေးလ်လိပ်စာသို့ဆက်သွယ်စုံစမ်းနိုင်သည်။ ရုံးခန်းမှ တတ်နိုင်သမျှ ဆောလျင်စွာဖြေကြားပေးမည်ဖြစ်သည်။

➢ ဆက်သွယ်စုံစမ်းရန်အီးမေးလ်လိပ်စာ official@kagu-higashikawa.jp

●လျှောက်လွှာကာလနှင့်လုပ်ငန်းစဉ်များ

လျှောက်ထားနိုင်သည့်ကာလ : ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ (ဗုဒ္ဓဟူး) မှ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၃၀(ဗုဒ္ဓဟူး) နေ့လည်(ဂျပန်စံတော်ချိန်)

လျှောက်လွှာကာလအတွင်း အင်တာနက်စာမျက်နှာ၏ လျှောက်လွှာဖောင်ကိုဖြည့်သွင်းကာ လျှောက်ထားရမည်။
လျှောက်လွှာဖောင်၌ဖြည့်သွင်းထားသောအချက်အလက်များက မသင့်လျော်သော၊ လိမ်လည်သောအချက်အလက်များပါဝင်နေပြီး သတ်မှတ်ထားသောစည်းကမ်းနှင့်မကိုက်ညီပါက လျှောက်လွှာကိုပယ်ချမည်ဖြစ်သည်။

① ဒီဇိုင်းလက်ရာကို【PDF】ဖြင့်တင်ပြရမည်ဖြစ်ပြီး အောက်ပါအချက်များနှင့်ကိုက်ညီရမည်။

- လက်ရာခေါင်းစဉ်၊ဒီဇိုင်း၏ဦးစားပေးအကြောင်းအရာနှင့်လက်ရာရှင်းပြချက်များ၊လက်ရာပုံကြမ်းနှင့်ပုံချော၊CG၊ မော်ဒယ်ဓာတ်ပုံအစရှိသည်များကိုA3ဆိုဒ်စာရွက်တစ်မျက်နှာပေါ်တွင် အလျားလိုက် မိမိကြိုက်သလိုရေးဆွဲကာ

  လျှောက်ထားနိုင်သည်။ (စာလုံးအရွယ်အစားမှာ အနည်းဆုံး ၁၀ ထားရမည်။)
- အင်္ဂလိပ်ဘာသာ (သို့) ဂျပန်ဘာသာကိုအသုံးပြုနိုင်သည်။
- ပြိုင်ပွဲဝင်ဖြစ်ကြောင်းသိသာစေသော အမှတ်အသား၊နံပါတ်၊စာလုံးများအား ရေးသွင်းခြင်းမပြုရ။
- A3 ဆိုဒ်ဖြင့်ရေးသားထားသော လက်ရာစာရွက်အား PDFဒေတာသို့ပြောင်းကာပေးပို့လျှောက်ထားရမည်။
- ဖိုင်ဆိုဒ်သည် 3MB နှင့်အောက်ဖြစ်ရမည်။

② ပြိုင်ပွဲဝင် (အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက တစ်ဖွဲ့လုံး) က သက်ဆိုင်ရာကျောင်း၊ တက္ကသိုလ်အသီးသီး၌ တက်ရောက်

နေကြောင်း ထောက်ခံစာ။ (PDF, JPG, GIF များမှကြိုက်နှစ်သက်ရာကိုအသုံးပြုနိုင်သည်။)

- သက်ဆိုင်ရာကျောင်း၊တက္ကသိုလ်အသီးသီး၌တက်ရောက်နေကြောင်းဖော်ပြနိုင်သော ကျောင်းသားကဒ်၊ ကျောင်းတက်ရောက်နေကြောင်းထောက်ခံစာအစရှိသည်များကို PDF, JPG, GIFထဲမှ ကြိုက်နှစ်သက်ရာဒေတာဖြင့် ပေးပို့နိုင်သည်။
- ဖိုင်တစ်ခုလျှင် 1MB နှင့်အောက်ဖြစ်ရမည်။

●ဒီဇိုင်းလက်ရာလျှောက်လွှာတင်ရာ၌သတိပြုရန်အချက်များ
လျှောက်လွှာတင်ထားချိန်၌ အသုံးပြုသော အီးမေးလ်အမျိုးအစားသည် ရုံးခန်းမှအီးမေးလ်ပို့နိုင်သော အမျိုးအစားဖြစ်ရမည်။

(ရုံးခန်းမှစာမပို့နိုင်သောအီးမေးလ်အမျိုးအစားများ @mail.ru、@bk.ru、@list.ru、@inbox.ru )

※လျှောက်လွှာမတင်ခင် ရုံးခန်းမှအီးမေးလ်များကိုလက်ခံနိုင်သော Setting များကိုပြင်ဆင်ထားရန် လိုအပ်သည်။
လျှောက်လွှာလက်ခံပြီးကြောင်း အီးမေးလ်မပို့နိုင်သည့် အခြေအနေများရှိသည်။

- လျှောက်လွှာပေးပို့ပြီးပါက လျှောက်လွှာလက်ခံရရှိကြောင်း အီးမေးလ်ပေးပို့မည်ဖြစ်သည်။ အကယ်၍ အီးမေးလ်မရောက်ပါက Spam ထဲ၌ပြန်လည်စစ်ဆေးရန်လိုအပ်သည်။
- လျှောက်လွှာကာလပြီးဆုံးသည့်နောက် လက်ရာများအားပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖျက်သိမ်းခြင်း

များမပြုလုပ်နိုင်ပါ။

- ပြိုင်ပွဲဝင်လက်ရာကိုပြုလုပ်ရာ၌ ကုန်ကျသောအခကြေးငွေမှာ ပြိုင်ပွဲဝင်နှင့်သာသက်ဆိုင်သည်။
- ပြိုင်ပွဲဝင်လက်ရာ၌ အသုံးပြုထားသောဓာတ်ပုံများ၊ရုပ်ပုံများသည် သက်ဆိုင်သူများ၏ခွင့်ပြုချက်မရှိဘဲ မူပိုင်ခွင့်ဖောက်ဖျက်သောကိစ္စများဖြစ်ပေါ်လာပါက ပြိုင်ပွဲဝင်၏တာဝန်သာဖြစ်သောကြောင့်ခွင့်ပြုချက်ကို သေချာရယူပြီးမှသာလျှင်အသုံးပြုပါရန်။
- ပြိုင်ပွဲဝင်လက်ရာသည် တစ်ပါးသူ၏မူပိုင်ခွင့်ကိုချိုးဖောက်သည်ဟု ဆုံးဖြတ်ရနိုင်သောလက်ရာဖြစ်ပါက လျှောက်လွှာတင်ထားခြင်းနှင့် ရရှိထားသောဆုများကို ပယ်ဖျက်သွားမည်ဖြစ်သည်။ အကယ်၍ သက်ဆိုင်သူဖက်မှ မူပိုင်ခွင့်ချိုးဖောက်ခြင်း၊ ပျက်စီးဆုံးရှုံးမှုအတွက်လျော်ကြေးတောင်းခံခြင်းအစရှိသည့် တရားစွဲဆိုမှုနှင့်ကန့်ကွက်ခြင်းများဖြစ်ပေါ်လာပါက ပြိုင်ပွဲဝင်၏တာဝန်သာဖြစ်၍ ကိုယ်တိုင်ဖြေရှင်းရမည်ဖြစ်ပြီး ပွဲစီစဉ်ကျင်းပသည့် တာဝန်ရှိသူများ၊အဖွဲ့အစည်းများနှင့် လုံးဝမသက်ဆိုင်ကြောင်းသတိပြုရန်။
- ပြိုင်ပွဲဝင်လက်ရာသည် ရှိနှင့်ပြီးဖြစ်သောဒီဇိုင်းလက်ရာနှင့်တူညီသည်(သို့)ခိုးချသည်ဟု သတ်မှတ်နိုင်သည့် အချက်များ၊ မူပိုင်ခွင့်အားချိုးဖောက်သည်ဟု ယူဆနိုင်ပါက လျှောက်လွှာနှင့်ဆုများကိုပယ်ဖျက်ရုပ်သိမ်း သွားမည်ဖြစ်သည်။၎င်းအပြင် သက်ဆိုင်သူ၏မူပိုင်ခွင့်ချိုးဖောက်မှုနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ပြသာနာများအား ပြိုင်ပွဲစီစဉ်ကြီးကြပ်သူများက တာဝန်ယူဖြေရှင်းသွားမည်မဟုတ်ပါ။

●စစ်ဆေးအကဲဖြတ်ခြင်း

- အကဲဖြတ်ဒိုင်များသည် လျှောက်လွှာရရှိထားသောလက်ရာများထဲမှ စကာတင်အဆင့်လက်ရာ ၁၀ ခုကို ရွေးချယ်ကာ ၂၀၂၇ ခုနှစ် ဇန်နဝါရီလလယ်တွင် ကြေညာသွားမည်ဖြစ်သည်။
- စကာတင်အဆင့်ရွေးချယ်ခံရသောပြိုင်ပွဲဝင်များထံသို့ သီးသန့်အကြောင်းကြားမည်ဖြစ်သလို အင်တာနက် စာမျက်နှာမှလည်း ကြေညာသွားမည်ဖြစ်သည်။
- စကာတင်လက်ရာ ၁၀ ခုအား ဖိုင်နယ်ပွဲ၌အကဲဖြတ်ပြီး ဆုများကို ရွေးချယ်သွားမည်ဖြစ်သည်။
- စကာတင်ရွေးချယ်ခံရသောပြိုင်ပွဲဝင်များသည် ဖိုင်နယ်ပွဲမတိုင်မီ သတ်မှတ်ထားသောရက်အတွင်း အောက်ဖော်ပြပါအရာများကို ရုံးခန်းသို့ပို့ပေးရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ပြိုင်ပွဲဝင်ထံ ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။
  - Presentation လုပ်ရန်အတွက်စာမူ
  - ပြိုင်ပွဲဝင်လက်ရာဒီဇိုင်း၏ 1/5 ~ 1/1 ၏မော်ဒယ်
    (သစ်ကိုအဓိကထားသော သဘာဝကုန်ကြမ်းပစ္စည်းဖြစ်ရမည်) မော်ဒယ်အားပြန်ပေးသွားမည်မဟုတ်ပါ။
- ဖိုင်နယ်ပွဲတွင် အကဲဖြတ်ဒိုင်များက လက်ရာမော်ဒယ်နှင့် Presentation တို့ကို ကြည့်ရှုအကဲဖြတ်ပြီး ဆုများကို ရွေးချယ်မည်ဖြစ်သည်။
- စကာတင်အဆင့်ရွေးချယ်ခံရပါက ဟော့ကိုင်းဒိုးပြည်နယ်ရှိဟီဂါရှီခါဝါမြို့တွင်ကျင်းပမည်ဖြစ်သောဖိုင်နယ် ပွဲသို့ တက်ရောက်ရမည်ဖြစ်သည်။ ( ဖိုင်နယ်ပွဲကျင်းပရန်စီစဉ်ထားသည့်ရက်စွဲ - ၂၀၂၇ ခုနှစ် မတ်လ ၂၂ ရက် )
- လျှောက်လွှာဖောင်တင်ရာ၌ ဖြည့်သွင်းထားသောအချက်အလက်များ မှားယွင်းနေခြင်း၊ ဂိုက်လိုင်းတွင် ပါဝင်သောအချက်အလက်များကိုချိုးဖောက်ခြင်းစသည်တို့ကိုတွေ့ရှိခဲ့ပါက ပေးအပ်ထားသောဆုကိုပြန်လည် ရုပ်သိမ်းမည်ဖြစ်သည်။
- အကဲဖြတ်စစ်ဆေးသည့်နည်းလမ်းများ၊စံနှုန်းများနှင့် ရလဒ်နှင့်ပတ်သက်သောအကြောင်းအရာများမေးမြန်း ခြင်းကိုဖြေကြားပေးမည်မဟုတ်ပါ။

● ဖိုင်နယ်ပွဲနှင့်ဆုပေးပွဲ ကျင်းပမည့်အချိန်နှင့်နေရာ

၂၀၂၇ ခုနှစ် မတ်လ ၂၁ ( တနင်္ဂနွေ ) ဟော့ကိုင်းဒိုးပြည်နယ်၊ဟီဂါရှီခါဝါမြို့

- ချီးမြှင့်မည့်ဆုများနှင့်ဆုကြေးငွေများ

・အထူးချွန်ဆုံးဆု（Kengo Kuma ဆု） - ၁ ဦး　(ဂျပန်ယန်းငွေ ၅ သိန်း ၊ ပရိဘောဂအဖြစ်ထုတ်ခြင်း)

・ဒုတိယထူးချွန်ဆု（SOLIZE ဆု）　- ၁ ဦး　(ဂျပန်ယန်းငွေ ၂ သိန်း)

・ထူးချွန်ဆု　- ၁ ဦး　(ဂျပန်ယန်းငွေ ၁ သိန်း)

・နှစ်သိမ့်ဆု　- ၇ ဦး

・【အထူးဆု】 ဟီဂါရှီခါဝါသစ်သားလက်မှုပညာအသင်းဆု - ၁ ဦး (ပရိဘောဂအဖြစ်ထုတ်ခြင်း)

*အထူးဆုကို အထက်ပါ ဆုရရှိသူများထဲမှ ရွေးချယ်မည်။
※စကာတင်အဆင့်ပြိုင်ပွဲဝင်သည် ဖိုင်နယ်ပွဲနှင့်ဆုပေးပွဲကို တက်ရောက်ကြရမည်။
※ဂျပန်နိုင်ငံမှအပ အခြားနိုင်ငံတွင်နေထိုင်ကြသောပြိုင်ပွဲဝင်များသည် စကာတင်ရွေးချယ်ခံရပါက ဟီဂါရှီခါဝါမြို့သို့ လာရောက်ရန် နိုင်ငံကူးလက်မှတ်(ပတ်စ်ပို့) လိုအပ်သောကြောင့် ကြိုတင်ပြုလုပ်ထားရန်လိုအပ်သည်။
※ဟီဂါရှီခါဝါမြို့သို့လာရောက်ရာ၌ကုန်ကျသည့် လေဆိပ်မှအသွားအပြန်စရိတ်နှင့် မြို့တွင်းတည်းခိုစရိတ်ကို ပွဲဖြစ်မြောက်ရေးကော်မတီမှထောက်ပံ့မည်ဖြစ်သည်။ သို့သော် အဖွဲ့လိုက်ပြိုင်ပွဲဝင်အနေဖြင့် ကိုယ်စားပြု ၂ ဦးကိုသာ ဖိတ်ခေါ်သွားမည်ဖြစ်သည်။

※အထူးချွန်ဆုံးဆု（Kengo Kuma ဆု）နှင့် ဟီဂါရှီခါဝါသစ်သားလက်မှုပညာအသင်းဆု နှင့်ပတ်သက်၍စီးပွားဖြစ်ပရိဘောဂအဖြစ်ထုတ်လုပ်နိုင်ရန် ပွဲဖြစ်မြောက်ရေးကော်မတီရုံးခန်းနှင့်သက်ဆိုင်ရာပရိဘောဂလုပ်ငန်းရှင်များမှ ဆွေးနွေးမှုများကို ပြုလုပ်သွားမည်ဖြစ်သည်။ သို့သော်လည်း နည်းပညာဆိုင်ရာနှင့်စီးပွားရေးဆိုင်ရာအချက်အလက်များကိုထည့်သွင်းစဉ်းစားပြီး ဆုရရှိသူနှင့်ဆွေးနွေးသည့်အကြောင်းအရာအပေါ်အခြေခံ၍ စီးပွားဖြစ်ပရိဘောဂအဖြစ်ရောင်းချခြင်း ရှိ/မရှိအပေါ် နောက်ဆုံးဆုံးဖြတ်ချက်ကိုပြုလုပ်ပါမည်။ ဆုရရှိသူသည် ဟီဂါရှီခါဝါမြို့သို့ စီးပွားဖြစ်ပရိဘောဂလုပ်ဆောင်ရာနှင့် ဆက်စပ်သည့် ဆွေးနွေးမှုနှင့်အစည်းအဝေးများပြုလုပ်ရန်　လာရောက်သည့်အခြေအနေတွင် မြို့တွင်းရှိ သစ်လုပ်ငန်းပိုင်ရှင်များနှင့် ရင်းနှီးဖလှယ်ခြင်း၊ ပရိဘောဂထုတ်လုပ်သည့်နေရာများကိုလေ့လာကြည့်ရှုခြင်းဖြင့် အတွေ့အကြုံရရှိနိုင်ရန် အခွင့်အလမ်းများကို လုပ်ဆောင်ရန်ရည်ရွယ်ထားပါသည်။ ဤခရီးစဉ်အတွက် ကုန်ကျစရိတ် (လေယာဉ်လက်မှတ်အသွားအပြန်)နှင့် ဟီဂါရှီခါဝါမြို့တွင်းရှိတည်းခိုစရိတ်ကို ကော်မတီမှတစ်ကြိမ်သာထောက်ပံ့သွားမည်ဖြစ်သည်။

- အကဲဖြတ်ဒိုင်များ (ညှိနှိုင်းဆဲ)

・အကဲဖြတ်ဒိုင်ဥက္ကဌ：Kengo Kuma (Architect, Professor at the University of Tokyo)

・အကဲဖြတ်ဒိုင်များ：

- Eisuke Tachikawa (Design Strategist, Evolutionary Thinker, Representative of NOSIGNER)
- Asao Tokolo (Artist)
- Hiroshi Nakamura (Architect, NAP Architectural Design Office)
- Masahiro Harada (Architect, Professor at Shibaura Institute of Technology)
- Katsuhiko Hibino (Artist, President of Tokyo University of the Arts)
- Teppei Fujiwara (Architect, Associate Professor at Yokohama National University)
- Noritsugu Oda (Chair Researcher and Design Advisor to the town of Higashikawa)
- ဟီဂါရှီခါဝါသစ်သားလက်မှုပညာအသင်းဆုအတွက် အကဲဖြတ်ဒိုင် း

  ဟီဂါရှီခါဝါသစ်သားလက်မှုပညာအသင်း （ဟီဂါရှီခါဝါမြို့တွင်းရှိသစ်သားလက်မှုပညာနှင့်ဆိုင်သော

  လုပ်ငန်းရှင်များဖြင့်ဖွဲ့စည်းထားသည်။）

● မူပိုင်ခွင့်နှင့်ပတ်သက်သောရှင်းလင်းချက်များ

・ပြိုင်ပွဲဝင်လက်ရာ （မော်ဒယ်အပါအဝင်） ကို ပြိုင်ပွဲစီစဉ်ကြီးကြပ်သူများမှပြန်လည်ပေးအပ်သွားမည်မဟုတ်ပါ။

・ပြိုင်ပွဲဝင်တွင် မိမိ၏ပြိုင်ပွဲလက်ရာ၏မူပိုင်ခွင့်နှင့် ဒီဇိုင်းမူပိုင်ခွင့်အပြည့်ရှိသည်။

・လက်ရာအားစီးပွားဖြစ်ထုတ်လုပ်ရောင်းချသည့်ကိစ္စရပ်များသည် ပြိုင်ပွဲဝင်နှင့်သီးသန့်ဆွေးနွေးတိုင်ပင်သွားမည်ဖြစ်သည်။

・ပွဲစီစဉ်သူသည်ပြိုင်ပွဲဝင်လက်ရာများကိုခင်းကျင်းပြသခြင်း၊မဂ္ဂဇင်း၊လက်ကမ်းစာဆောင်များ၊အင်တာနက်စာမျက်နှာတွင်

အခမဲ့အသုံးပြုခြင်းများကို ပြုလုပ်နိုင်သည်။

・ပွဲစီစဉ်ကျင်းပသူသည် ပြိုင်ပွဲဝင်အားကြိုတင်အသိမပေးဘဲ ပြခန်းတွင်ပြသခြင်း၊တည်းဖြတ်ခြင်း၊ထုတ်ဝေခြင်းနှင့်ဖြန့်ဖြူးခြင်း

အစရှိသည်များကို ပြုလုပ်နိုင်သည်။ ပြိုင်ပွဲဝင်အနေဖြင့် ဖော်ပြပါကိစ္စများကို မငြင်းဆန်နိုင်ကြောင်းသတိပြုပါရန်။

・ပွဲစီစဉ်ကျင်းပသူသည် လက်ရာများအား ပြိုင်ပွဲပရိုမိုးရှင်းဆင်းရာတွင် လွတ်လပ်စွာအသုံးပြုနိုင်ပြီး ပြိုင်ပွဲဝင်အနေဖြင့်

အသုံးပြုခများကို ခံစားနိုင်မည်မဟုတ်ကြောင်း သတိပြုရန်။ ပြိုင်ပွဲဝင်လက်ရာများကို စီးပွားဖြစ်ပရိဘောဂအဖြစ်
ထုတ်လုပ်ရာတွင် ဦးစားပေးဆွေးနွေးပိုင်ခွင့်ရှိသည်မှာ ပွဲစီစဉ်ကြီးကြပ်သူသာဖြစ်သည်။

- ရှင်းလင်းချက်

・ပွဲစီစဉ်သူများ၏ပေါ့ဆမှုကြောင့် ပြိုင်ပွဲဝင်လက်ရာတွင် တစ်စုံတစ်ရာကြီးမားစွာပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်သည့်
အခြေအနေမှလွဲ၍ အခြားမည်သည့်အကြောင်းအရင်းကြောင့် လက်ရာပျက်စီးပါက ပွဲစီစဉ်ကျင်းပသူများနှင့်လုံးဝမသက်ဆိုင်ပါ။

・ဤပြိုင်ပွဲသည် ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ပြိုင်ပွဲအချိန်ဇယားများ၊အကြောင်းအရာများကိုပြောင်းလဲနိုင်ခြေရှိသည်။

- ပြိုင်ပွဲစီစဉ်ကြီးကြပ်သူ ：「Kengo Kuma＆ Higashikawa」KAGU ဒီဇိုင်းပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ

အဖွဲ့အစည်းများ ：ဟီဂါရှီခါဝါမြို့၊ ဟီဂါရှီခါဝါလုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းအသင်း၊ စိုက်ပျိုးရေးသမဝါယမအသင်း၊
ဆောက်လုပ်ရေးလုပ်ငန်းအသင်း၊ သစ်တောအဖွဲ့အစည်း၊ အရောင်းမြှင့်တင်ရေးကုမ္ပဏီ၊ ပရိဘောဂ
ထုတ်လုပ်ရေးအသင်း၊ ဟီဂါရှီခါဝါမြို့ကောင်စီ၊ ဟီဂါရှီခါဝါပညာရေးဘုတ်အဖွဲ့၊ ဟီဂါရှီခါဝါသစ်သား
လက်မှုပညာအသင်း။

ပွဲဖြစ်မြောက်ရေးကော်မတီရုံးခန်း：Higashikawa Cultural Exchange Department

Phone: 0166-82-2111、Email：official@kagu-higashikawa.jp